# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ အောက်တိုဘာလတွင် နောက်ဆုံးထုတ်ပြန်ထားသော အကြံပြုချက်များအရ (၂၀၂၅) ခုနှစ်၊မေလ နှင့် ဇွန်လဆန်းတွင် အသက် (၁၂) နှစ် အထက်ရှိသူများအား COVID-19 Vaccine COMIRNATY (Omicron JN.1) (သို့မဟုတ်) COVID-19 Vaccine COMIRNATY (Omicron XBB.1.5) ကို အသုံးပြု၍ အောက်ပါဦးတည်အုပ်စုများကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ပါသည်။

ထိုသို့ထိုးနှံပေးရာတွင် -

(၁) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (၁) ကြိမ်မျှ မထိုးနှံရသေးသော အသက် (၁၈)နှစ်အထက်ရှိသူများအား ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံပေးခြင်း

(၂) ထပ်ဆောင်းကာကွယ်ဆေး (၁) ကြိမ် အဖြစ်-

- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး **နောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှုကာလ (၆)လ ပြည့်ပြီးသော**
    - ကျန်းမာရေးဝန်ထမ်းများနှင့် နိုင်ငံဝန်ထမ်းများအားလုံး
    - အသက်(၆၀)နှစ်အထက်ရှိသူများ
    - အသက် (၅၀)နှစ်အထက် နာတာရှည်ရောဂါရှိသူများ
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး **နောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှုကာလ (၁၂)လ ပြည့်ပြီးသော**
    - အသက်(၁၈)နှစ်အထက် နာတာရှည်ရောဂါရှိသူများ၊
    - အသက် (၁၂) နှစ်အထက် ကိုယ်ခံအားနည်းရောဂါရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် လိုအပ်သူများ၊

(၃) ကိုယ်ဝန်ဆောင်ကာလ (၃) လနှင့် အထက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (၁)ကြိမ် ထိုးနှံပေးမည်ဖြစ်ပါသည်။

ထို့အပြင် COVID-19 Vaccine COMIRNATY (Omicron XBB.1.5) ကာကွယ်ဆေး အသုံးပြု၍ အသက် (၅)နှစ် မှ (၁၁)နှစ် အတွင်းရှိ ကင်ဆာရောဂါ နှင့် ကိုယ်ခံအားနည်းသည့် ရောဂါရှိသည့် ကလေးများအား (၁)ကြိမ် ထိုးနှံပေးမည်ဖြစ်ပါသည်။

**မှတ်ချက်။** **ကျန်းမာသော အသက် (၅) နှစ်မှ (၁၁) နှစ်ရှိ ကလေးငယ်များ၊ အသက် (၁၂) နှစ်မှ (၁၈) နှစ်အရွယ်ရှိ ဆယ်ကျော်သက်များ၊ အသက် (၁၈) နှစ်အထက် ကျန်းမာသောသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန် အကြံမပြုပါကြောင်း (၈-၁၀-၂၀၂၄) ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။**